# အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ

# နေပြည်တော်ကြေညာစာတမ်း

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၁၃)ရက်နေ့တွင် မြန်မာနိုင်ငံအနာကြီးရောဂါတိုက်ဖျက်ရေး ညီလာခံ(၂၀၁၈)က နေပြည်တော်ကြေညာစာတမ်းကို အတည်ပြု၍ကြေညာလိုက်သည်။ကြေညာ စာတမ်း၏အပြည့်အစုံမှာ-

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ(၁၂)ရက်နေ့နှင့်(၁၃)ရက်နေ့တို့တွင် နေပြည်တော်၌ ကျင်းပ ပြုလုပ်ခဲ့သော မြန်မာနိုင်ငံအနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ(၂၀၁၈)သို့ တက်ရောက်ခဲ့ သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နီပွန်ဖောင်ဒေးရှင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နှီးနွယ်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ အနေဖြင့်

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား ယင်းတို့၏ဩဇာဝတ်ကျေပွန်မှုနှင့် ကူညီမှုတို့အတွက် အသိအမှတ်ပြုလိုက်သည့်အပြင်၊ နီပွန်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုအားလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်သည်။

(၂) မြန်မာနိုင်ငံတွင် အနာကြီးရောဂါဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေကြသည့် မိတ်ဖက် အဖွဲ့အစည်းများ၏ ပါဝင်ပံ့ပိုးကူညီမှုအားလည်း မှတ်တမ်းတင်အပ်ပါသည်။

(၃) မြန်မာနိုင်ငံတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင် ရွက်ခဲ့ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် အခြေခံကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများအား ဂုဏ်ပြုလိုက်သည်။

(၄) သို့ရာတွင် လွန်ခဲ့သောဆယ်စုနှစ်အတွင်း အနာကြီးရောဂါလူနာသစ် ရှာဖွေတွေ့ရှိမှု လျော့နည်းကျဆင်းလာသော်လည်း ၎င်းတို့အနက် ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂)လူနာများ များပြားလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(၅) ဝေးလံခေါင်ဖျား၊ နယ်စွန်နယ်ဖျားများတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဝန်ထမ်းအင်အားနည်းပါးလျက်ရှိခြင်းနှင့် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုလိုအပ်လျက်ရှိကြောင်းတွေ့ရှိမှတ်တမ်းတင်အပ်ပါသည်။ ထို့ကြောင့် ဤညီလာခံသို့ တက်ရောက်ကြသောသူအားလုံးနှင့် တာဝန်ရှိသူများအားလုံး အနေဖြင့်

- မြန်မာနိုင်ငံတွင် အနာကြီးရောဂါနှင့်သက်ဆိုင်သော ကျန်းမာရေးနှင့်လူမှုရေးပြဿနာများ မရှိစေရေးအပြင် အနာကြီးရောဂါလူနာနှင့် ယင်းတို့၏မိသားစုဝင်များ ခွဲခြားနှိမ့်ချဆက်ဆံခံရခြင်း၊ ဖယ်ကျဉ်ခံရခြင်းများ ပပျောက်သွားစေရန်အတွက် ညီလာခံတက်ရောက်လာသူများက အတူတကွ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း နေပြည်တော်တွင် ကျင်းပသော အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံမှ ကြေညာလိုက်သည်။
- အနာကြီးရောဂါကင်းစင်သော မြန်မာနိုင်ငံဖြစ်စေရန်အတွက် (၂၀၁၆-၂၀၂၀)ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါတိုက်ဖျက်ရေးမဟာဗျူဟာမှ ချမှတ်ထားသော ရည်မှန်းချက်များနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်ဆိုင်ရာ အညွှန်းကိန်းများအား ရရှိနိုင်ရေးနည်းလမ်းများ ဆောင်ရွက်ရန် အတည်ပြုလိုက်သည်။

- အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပေါင်းစည်းကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းရပ်အသွင် ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါတိုက်ဖျက်ရေး မဟာဗျူဟာအတိုင်း ဆောင်ရွက်ရန် ကတိကဝတ်ကိုထပ်မံအတည်ပြုလိုက်သည်။
- အနာကြီးရောဂါလူနာများနှင့် ယင်းတို့၏မိသားစုဝင်များအား ခွဲခြားဆက်ဆံ ခံရခြင်းများ၊ ဖယ်ကျဉ်ခံရခြင်းမှ ပပျောက်သွားစေရန်အတွက် ပြည်သူလူထုအတွင်း အနာကြီးရောဂါနှင့်ပတ်သက်သည့် မှားယွင်းသောအသိများကို ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။
- ဆောလျင်စွာ ကုသမှုခံယူစေရန်၊ ခွဲခြားဆက်ဆံမှု ပပျောက်စေရန်၊ ပြည်သူလူထု အတွင်း ပြန်လည်ဝင်ဆံ့လာစေရန်အတွက် အနာကြီးရောဂါနှင့်ပတ်သက်၍ မှန်ကန်သော အသိအမြင်များပြန့်ပွားစေရန် သတင်းမီဒီယာများ၏အရေးပါမှုကို အသိအမှတ်ပြုလိုက်သည်။
- ကုလသမဂ္ဂဆုံးဖြတ်ချက်(A/RES/65/215)ပါ လုပ်ငန်းများနှင့် အနာကြီးရောဂါ လူနာများ၏ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် နည်းလမ်းများ(A/HRC/15/30)တို့ကို သင့်လျော်စွာ ဆောင်ရွက်ပါမည့်အကြောင်း သန္နိဋ္ဌာန်ချလိုက်သည်။
- တာဝန်ရှိသူအားလုံးနှင့် မိတ်ဖက်အဖွဲ့အစည်းအားလုံးတို့အား လိုအပ်သောအရင်းအမြစ်များ ခွဲဝေပြီး အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်-

- အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံကိန်းကို ဒေသအလိုက်ရောဂါကူးစက်မှု၊ ဒေသတွင်းလိုအပ်ချက်နှင့် အရင်းအမြစ်များ ရရှိနိုင်မှုပေါ် မူတည်၍ နည်းလမ်းများအား အလွှာခွဲခြားသတ်မှတ်ရေးဆွဲရန်။
- အနာကြီးရောဂါကူးစက်မှုရပ်တန့်ရန်၊ ကိုယ်အင်္ဂါချို့ယွင်းမှုကို ကာကွယ်ရန်နှင့် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း နည်းဗျူဟာသစ်များ၏ ထိရောက်မှုကို ဆန်းစစ်အကဲဖြတ်ရန်အတွက် အသုံးပြုလျှက်ရှိသော ပထဝီအနေအထားအရ ရေးဆွဲထားသော မြေပုံများနှင့် အညွှန်းကိန်းများအရ ညွှန်းပြသောဒေသများတွင် အနာကြီးရောဂါအသိပညာပေးလုပ်ငန်းများ၊ ပြည်သူလူထုအတွင်း အသိပညာမြှင့်တင်ရေးနည်းလမ်းများ၊အနာကြီးရောဂါနှင့်ထိတွေ့ခံရသူများ၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်။
- ထိရောက်သော သတင်းအချက်အလက်စီမံခန့်ခွဲမှုဖြစ်စေရန် လူနာများကို စောင့်ကြပ်ကြည့်ရှုသည့် စနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်အား ပံ့ပိုးကူညီပေးရန်။
- အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်အညီ အနာကြီးရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားသည့်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ရန်။
- ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါတိုက်ဖျက်ရေးမဟာဗျူဟာနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်မှ ချမှတ်ထားသော ရည်မှန်းချက်များ ပြည့်မီစေရန် အနာကြီးရောဂါတိုက်ဖျက်ရေးဌာနစိတ်မှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား စောင့်ကြည့်ဆန်းစစ်ပေးရန်။

- အနာကြီးရောဂါလူနာနှင့် ယင်းတို့၏မိသားစုဝင်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံခံရမှုမရှိစေဘဲ ပြည်သူလူထုမှနားလည်လက်ခံပြီး လူ့အသိုင်းအဝိုင်းတွင်း သိမ်ငယ်မှုမရှိ ပြန်လည်ဝင်ဆံ့လာစေရန် ပညာပေးဆောင်ရွက်ကြရန်။
- မြန်မာနိုင်ငံတွင် အနာကြီးရောဂါကင်းစင်စေရန်အတွက် (၂၀၁၆-၂၀၂၀) ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါတိုက်ဖျက်ရေးမဟာဗျူဟာမှ ချမှတ်ထားသောရည်မှန်းချက်များနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်ဆိုင်ရာ ရည်မှန်းချက်များအား အောင်မြင်စေရန်အတွက် နိုင်ငံတော်မှ ဦးဆောင်လမ်းညွှန်မှုရရှိရေးတိုက်တွန်းရန်နှင့် လိုအပ်သောအရင်းအမြစ်များရရှိအောင် နည်းလမ်း များဆောင်ရွက်ရန်။

# Nay Pyi Taw Declaration

We, the Republic of Union of Myanmar, Ministry of Health and Sports, The Nippon Foundation, WHO, stakeholders and participants attending the "National Leprosy Conference 2018 Myanmar" held in Nay Pyi Taw, from 12th to 13th December 2018;

1. **Express** appreciation to the Republic of the Union of Myanmar, Ministry of Health and Sports for their hospitality and support as well as the generous support by The Nippon Foundation.
2. **Acknowledge** the contribution of all partners involved in leprosy work in Myanmar.
3. **Congratulate** the Republic of Union of Myanmar, Ministry of Health and Sports, the Basic Health Services and Leprosy Control Program for the success of Leprosy Control in Myanmar.
4. **However**, concerned with the slow declining of the detection of new cases, especially with the high proportion of them with Grade2 disabilities during the past ten years.
5. **Noticed** a need for enhanced political commitment and the weak infrastructure for leprosy control activities at the peripheral levels.

Hence, we the stakeholders and participants of this Conference;

- **Declare** at the "Leprosy Conference 2018 in Nay Pyi Taw" that all partners and stakeholders such as law makers, government, health and non-health sectors, international experts and donors, affected persons and family members as well as non-governmental organizations will work together in unity towards a "A World without leprosy related problems, both Medical and Social" (Leprosy Free Myanmar)as well as to eliminate stigma and discrimination against Leprosy Affected Persons and their family members.
- **Endorse** the approaches, indicators to monitor implementation of leprosy program and targets set as in the Global Leprosy Strategy 2016-2020, accelerating towards Leprosy Free Myanmar.
- **Reaffirm** the commitment to the global strategy based on applying the public health approach, including the fully integration of routine leprosy control services with Basic Health Services.
- **Pledge** towards the efforts to change the negative images of leprosy in the community and to eliminate stigma as well as discrimination of Leprosy Affected Persons and their family members.
- **Recognize** the importance of media to disseminate proper knowledge of leprosy for early treatment seeking, to eliminate stigma and discrimination, and promote inclusion

- **Ensure** appropriate implementation of UN Resolution (A/RES/65/215) and principles and guidelines (A/HRC/15/30) on human rights and dignity of Leprosy Affected Persons.
- **Urge** all partners and stakeholders to accord higher priority for leprosy control activities and to allocate necessary resources to carry out the following activities;

  (a) Develop a national implementation plan with different focused stratified approaches depending on the endemicity, local needs and availability of resources.

  (b) Extend coverage of Leprosy Awareness Campaign, Leprosy Post Exposure Prophylaxis as well as awareness increasing approaches in the community in appropriate places indicated by QGIS Mapping and other indicators, to stop transmission of leprosy, and prevention of disability, monitor and evaluate the effectiveness of such new approaches.

  (c) Provide support National Leprosy Control Program (NLCP) in introducing patient based surveillance system for effective data management.

  (d) Attain the targets stated in the National Leprosy Strategic Plan in align with the National Health Plan.

  (e) Monitor implementation of NLCP activities constantly, to reach the set targets of NLCP and global leprosy strategy.

(f) Involve community, leprosy affected persons and their family members, in the process of physical, socio-economic rehabilitation and social integration to remove stigma and stop discrimination against them.(Promote inclusion and empowerment of leprosy affected persons and their family members) through systemic collaboration among related Ministries, UN Agencies and private sectors.

(g) Commit and reinforce political commitment as well as resources to achieve the set targets of the Republic of the Union of Myanmar and those suggested in the Global Leprosy Strategy 2016-2020 gearing towards "Leprosy Free Myanmar".